# ၃၇ သတင်းစဉ်

၁၃၄၉ တပေါင်းလဆုတ် ၁၄ (16-3-88)


## ၃၂၈ ပြင်ဆင်ရေး ကော်မတီ ဖွဲ့ခြင်း

၈၈ ဇန္နဝါရီ ၂၉ ။

အနှစ် ၄၀ မြောက် လွတ်လပ်ရေးနေ့ကို ခမ်းနားစွာကျင်းပနိုင်ရေး အတွက် ပါတီဗဟို မှ အောက်ပါ ရဲဘော်များပါဝင်သော ၃၂၈ ပြင်ဆင်ရေး ကော်မတီ တရပ် ဖွဲ့စည်းပေးခဲ့ပါသည်။

ရဲဘော် ကျော်မြ (ဥက္ကဋ္ဌ)

ရဲဘော် စိုး သိမ်း (အတွင်းရေးမှူး)

ရဲဘော်ကျော်ဇော (လုံခြုံရေး)

ရဲဘော် စံသူ

(စီမံကိန်းချိုရေး နှင့် အနုပညာ၊ ပျော်ရွှင်ရေး)

ရဲဘော် ထွန်းလှိုင်

ရဲဘော် စိုင်းအောင်ဝင်း

(အားကစား)

ရဲဘော် ကျော်မြင့်

(ဘဏ္ဍာရေး / စည့်ခံရေး)

ဤရဲဘော် များ၏ တာဝန်ခံ မှု အောက်တွင် အတွင်းရေးမှူး အဖွဲ့နှင့် ဆပ်ကော်မတီများလည်း ဖွဲ့စည်းထား ပြီး ဖြစ်သည်။

အခမ်းအနား ကျင်းပရာတွင် ပါတီဗဟို၏ ခိုင်းတိုက်အနေ ဖြင့်

## မြှတ်/တက်/မြောင်း

မတ်လ ၁၄-ရက်နေ့က ကျင်းပခဲ့သော ဓမ်အစိုးရ ဟန်ပြလွှတ်တော် အစည်း အဝေးတွင် တလောက ပြုတ်သွားကြ သော ဝန်ကြီး ၂ ဦး ၏နေရာတွင် ၂ ဦး ထပ်မံ အစားထိုး ခန့်ထားလိုက်သည်။

အစားထိုးပုံမှာ ပညာရေး ဝန်ကြီး နေရာတွင် ပြုတ်သွားကျော်မြင့်အစား ဒေါက်တာကျော်ဇိန်ကို၄င်း၊ ပို့ဆောင် ဆက်သွယ်ရေး ဝန်ကြီးနေရာတွင် ဆော မြ အစား လက်ရှိ ၃ ဝန်ကြီး ခိုင်ရကို ၄င်း ခန့်ထားလိုက်သည်။ တခါတည်း မှာပင် ချင်းကွန်တိုင်း တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးညွန့်အား ဟန်ပြ လွှတ် တော် ၏ ရေးရာကော်မတီတခု ဖြစ် သော ကိုယ်စားလှယ်မိစစ်ရေး ကော်မ တီ တွင် တာဝန်ပေးခဲ့သည်။

၁။ တော်လှန်ရေး ဆန့်ကို

၂။ လူထုလက်နက်အား ဆောင် ဘို

၃။ မြိုးမြိုချေ ဘက်အား လုပ်ဆောင် ကြသည်။ လမ်းညွှန်လိုက်ပါသည်။

၄၀ သတင်းစဉ်

16 - 3 - 1988

# အနှစ် ၄၀ မြောက် လက်နက်ကိုင် တော်လှန်ရေးနေ့ ကို ဂုဏ်ပြု ကြိုဆိုကြ

၁၉၈၈ ခု မတ်လ ၂၈ ရက်နေ့တွင် လက်နက်ကိုင် တော်လှန်ရေး သက်တမ်း အနှစ် ၄၀ ပြည့်ခဲ့ပြီ။ ကမ္ဘာ့ တော်လှန်ရေး သမိုင်း တွင် အရှည်ကြာဆုံး ဖြစ်သော ဤတော်လှန်ရေး နေ့ကို ပါတီတရပ်လုံး ၊ တပ်မတော် တရပ်လုံး နှင့် ပြည်သူလူထု တရပ်လုံးက ဂုဏ်ပြုကြိုဆိုကြပါသည်။

တသက်တွင် အခမ်းအနား များ လူထုပေါ်သော မြေ့ချိုမျိုး ၊ ပျော်ပွဲ ရွှင်ပွဲများ ၊ စာဆောင် စာတန်းများ ယှဉ်တော်ခြင်းတို့ဖြင့် ဂုဏ်ပြုကြိုဆိုကြ ရမည်မှာ လိုအပ်ပေသည်။

သို့သော် အခြားတသက်တွင်အောက်ပါ လုပ်ငန်းများကို ထိရောက်စွာလက်တွေ့ ဖော်ဆောင်ကြ ဆောင်ရွက်ကြခြင်းဖြင့် ဂုဏ်ပြုကြိုဆိုခြင်းသည်သာ လျှင် ထိရောက်လှပေမည်။

<၁> တော်လှန်ရေးအောင်ပွဲဆင်ရန် အတွက် ပါတီတည်ဆောက်ရေးသည် သော့ချက် ဖြစ်သည် ဆိုသည့် အတိုင်း ယူနစ်တိုင်းက ပါတီ ကို နိုင်ငံရေးအရ ၊ အတွေးအခေါ်အရ၊ လုပ်ဟန်အရ စည်းရုံးရေး အရ ၊ သိပ်သည်းနိုင်မာကြံ့ခိုင်အောင် တည်ဆောက်ရေးကို အစီအစဉ် ရှိရှိ ဆောင်ရွက်ကြရပါမည်။

<၂> ပါတီ၏ အကြွင်းမဲ့ နှင့် တိုက်ရိုက်ခေါင်းဆောင်မှုကို ခံယူထားသော တပ်မတော်ကို နိုင်ငံရေး တပ်မတော် ပုံသဏ္ဍာန် အလုပ်အကျွေးပြုသော တပ်မတော်၊ ရန်သူကို ပတိုက်ရွှမ်းရည် ရှိသော တပ်မတော် ဖြစ်အောင် တပ်တည်ဆောက်ရေးကို ယူနစ်တိုင်းက အစီအစဉ်ရှိရှိ ဆောင်ရွက်ကြရပါမည်။

မိမိတို့၏ ပကတိတည်ရှိနေသော ရုပ်ဝတ္ထုအခြေအနေအရ ရှိသမျှအား ကျယ်ပြန့်သော ပြောက်ကျားစစ်ပွဲများကို အနှံ့အပြားဆင်နွှဲခြင်းဖြင့် ချေမှုန်းခြင်း၊ ရန်သူ့အင်အား မြုံမှိုက်တိုက်ခိုက်ခြင်း၊ ရန်သူ၏ ဆက်သွယ်ရေး လမ်းကြောင်းများကို ဖြတ်နိုင်သည့် နည်းမျိုးစုံဖြင့် ဖျက်ဆီးသည့်လုပ်ငန်းများကို အကျယ်အပြန့်ပြုလုပ်ခြင်းစသည့် စစ်ရေး လုပ်ငန်း များကို အချိန် ရှိသမျှ ဆင်နွှဲဆောင်ရွက်နိုင်အောင် ယူနစ်တိုင်းက အစီအစဉ်ရှိရှိ ဆောင်ရွက်ကြ ရပါမည်။

<၃> တော်လှန်ရေး အောင်ပွဲရရေး အတွက် အဓိက မှီခိုရမည့်အင်အားမှာ ပြည်သူလူထုသာ ဖြစ်ရာ ယူနစ်တိုင်းက လူထုတရပ်လုံးအား ပါတီမှ ချမှတ်ထားသည့် လမ်းစဉ်၊ ပေါ်လစီများကို နားလည် သဘော

စာမျက်နှာ ၇ ကော်လံ ၁ သို့

# ရွှေဟင်္သာ ပြည်လုံးချမ်းသာ စေတီတော် ထီးတော်တင်ပွဲ စုပေါင်းရှင်ပြုပွဲ နှင့် ဗွီဒီယို

လွတ်မြောက်ဒေသ တနေရာ 'ပန်ဆန်း' တွင် ၁၉၈၈-ခုနှစ် ဖေဖေါ်ဝါရီလ ၂၇-ရက်နေ့ မှ စ၍ <၇>ရက် တိုင်တိုင် ရွှေဟင်္သာ ပြည်လုံးချမ်းသာစေတီတော် ထီးတော်တင်ပွဲ နှင့် ရှင်လောင်း ၁၆ ပါး ခုံ့အား စုပေါင်းရှင်ပြုပွဲကျင်း ပသည်။

ပွဲတော်သို့ ရပ်ဝေးရပ်နီးမှ ရှမ်း၊ ဝ၊ လားဟူ၊ ပလောင်၊ ကချင်၊ တရုပ် ဗမာ စသည့် အမျိုးသားပေါင်းစုံ မှ ပေါင်း ၄၀၀၀ ကျော်လာရောက် ကြသည်။ အမျိုးသားပေါင်းစုံ ရဟန်း၊ ကိုရင် အပါး ၂၀၀ ကျော် ဝင်ရောက် လာသည်ကိုလည်း တွေ့ရသည်။ ပြည်သူ့တပ်မတော် ဦးဒဗြမှန့်ချိရေး အဖွဲ့များမှ ရုပ်ရှင်ပြခြင်း၊ ဒေသပဒေသာများ ဖြင့် ဖျော်ဖြေခြင်းများ ပြုလုပ်ကြသည်။

## ဗွီဒီယို ရိုက်ကူး

ရွှေဟင်္သာ စေတီတော် ထီးတော်တင်ပွဲ စုပေါင်းရှင်ပြုပွဲ၊ ရှုထု မရိုးသတ်၊ အကာ အချိန် အသီး အမှတ် အလုံးစုံ ဝဦ့ ကို ပြည်သူ့တပ်မတော်ဗဒြမှန့်ချိရေးအဖွဲ့တာဖွဲ့မှ မှတ်တမ်းတင် ဗွီဒီယို ရိုက်ကူးသည်။

▶ ကျောင်းသားများဆန္ဒပြကြမည်ဖြစ်ခြင်း မှ

ထိအခိုးရ က ကျောင်းသားများသည် မတ် ၁၃-ရက် ည ၈ နာရီခွဲမှ ၁၄ ရက်နေ့ နံက် ၃ နာရီခွဲ အထိ ဆူပူ လှုပ်ရှားနေကြသဖြင့် လူစုခွဲလိုက်ရသည် ဟု ကျေညာခဲ့သော်လည်း နိုင်ငံခြား အသံလွှင့်ဌာန တခုက မျက်ရည်ယို ဗုံး များ သုံးခဲ့သည် ဟု ဖွင့်ချခဲ့သည်။

၎င်း အရေးအခင်းတွင် ရဲ ၄ ပေါင်း ၁၄ ဦး ဒဏ်ရာရသည့်အနက် ကျောင်းသား ၁၀ ဦး ဆေးရုံတင်ထားရာမှ ကျောင်းသား မောင်ဘုန်းမော် သေဆုံးသွားသည် ဟု ထိအခိုးရက ကျေညာခဲ့ပါသည်။

သို့သော် ကျောင်းသားများ ၏ ဆ ကျေနပ်မှု မှာ ငြိမ်းအေး မသွား ဘဲ၊ မတ် ၁၅ ရက်အထိ သောင်းကျန်း ဆန္ဒပြခဲ့ရာ ခမ်းဝါဖ နှင့် ပုလိပ် ပုးပေါင်းတပ် ရောက်လာပြီး ကျောင်းကို ချုပ်ကိုင် သိမ်းပိုက်လိုက်ကြပါသည်။

သေနတ်များ နှင့် ဗိုင်းရုံ ခောင့်ကြပ် ထားသည့် အခြေအနေအောက် မှာပင်သာ ဖက် တွင် ကျောင်းကို ဆက်ပေါက်မှု ရှိပြီး တဖက်မှလည်း ဖမ်းဆီး အရေး ယူမှု များ ဆက်လုပ်မည် ဟု ကျေညာသွားပါသည်။

ဤ အရေးအခင်း မှာ မဆလ ဗ ဟိုကော်မတီ အစည်းအဝေး နှင့် ပါ်ပြ ဆွတ်တော် အစည်းအဝေး ပြုလုပ် သည့် ကာလ နှင့် တိုက်ဆိုင်နေ၍ ထိအခိုးရ အနေနှင့် မျက်ပုံးပြုး မျက် ဆံပြုး ဖြစ်နေကြကြောင်း ။ ။ ★

# တော်လှန်စစ် ရဲ့

## အခြေခံမှု နဲ့ လမ်းညွှန်များကို ဆုပ်ကိုင်ကြ

ဆောင်းပါး

ရဲဘော် စိုးသိမ်း

သမိုင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ ပစ္စည်းမဲ့လူတန်းစား ခေါင်းဆောင်တဲ့ တော်လှန်စစ်များကို ကြည့်ရင် အခြေအနေ ၂ မျိုး လမ်းကြောင်း ၂ မျိုး ကို တွေ့ရပါတယ်။

တမျိုးကတော့ စက်မှုဖွံ့ဖြိုးထားတဲ့ နိုင်ငံများမှာ ပေါ်ပေါက်ခဲ့တဲ့ အစိုးကြားမှာ မြို့ဖက်အင်အား ရှိပြီး 'သပိတ်ရုံ သူပုန်ထ' မြို့များကို အရင်သိမ်း ၊ ဒီနောက် တောကို သိမ်း၊ တပြည်လုံးကို အလာသိမ်းတဲ့ လမ်းကြောင်း၊ < လီနင် ဦးဆောင်တဲ့ ပထမအောက်တိုဘာ တော်လှန်ရေး လမ်းကြောင်း> မျိုး ဖြစ်ပြီး ၊ နောက်တမျိုးကတော့ စက်မှု မဖွံ့ဖြိုးထားသေးတဲ့ ကိုလိုနီ နဲ့ ကိုလိုနီတပိုင်း နိုင်ငံများ ၊ မှီခို နေရတဲ့ နိုင်ငံများမှာ ပေါ်ပေါက်ခဲ့တဲ့ ကျေးလက်ကို အခြေခံ ၊ ကျေးလက်မှာ အခြေခံစခန်း တည်ဆောက်၊ ကျေးလက်မှ မြို့ကိုဝိုင်း ၊ ဒီနောက် မြို့များကို သိမ်းပြီး တပြည်လုံးကို သိမ်းပိုက်တဲ့ "ရေရှည်ပြည်သူ့စစ်ပွဲ နဲ့ အာဏာသိမ်းရေး လမ်းကြောင်း" <ရဲဘော် မော်စီတုန်း ခေါင်းဆောင်တဲ့ တရုတ်ပြည် တော်လှန်ရေး လမ်းကြောင်း> မျိုး ဆိုပြီး လမ်းကြောင်း ၂ ခု တွေ့ရပါတယ်။

တော်လှန်စစ်ကို သုတေသန ပြုရင် ရေရှည် မြို့ဖက် အင်အား ရှိပြီး 'သပိတ်ရုံ သူပုန်ထ' တဲ့ အာဏာသိမ်းရေး လမ်းကြောင်း ဘဲ ဖြစ်ဖြစ်၊ "ရေရှည်ပြည်သူ့စစ်ပွဲ နဲ့ အာဏာသိမ်းရေး လမ်းကြောင်း" ဘဲဖြစ်ဖြစ် တော်လှန်စစ် ရဲ့ အခြေခံမှု နဲ့ လမ်းညွှန် များကတော့ တူညီကြပါတယ်။

ဆိုလိုတာကတော့ <၁> ပြည်သူ့ စစ်ပွဲ ဆင်နွှဲခြင်း၊ <၂> ထိုးစစ်စိတ်ဓါတ် နဲ့ စစ်ပွဲကို ဆင်နွှဲခြင်း၊ <၃> သိပ္ပံနည်းကျ အမြင် နည်းနာ နဲ့ စစ်ပွဲကို ဆင်နွှဲခြင်း ဆိုတဲ့ အဓိက ကျတဲ့ အချက်များကတော့ တူညီကြပါတယ်။

ပြဿနာ ရဲ့ သော့ချက်ကတော့ အဲဒီလို အခြေခံမှုနဲ့ လမ်းညွှန်တွေကို ဆုပ်ကိုင်ပြီး မိမိတို့ရဲ့ တော်လှန်ရေး လက်တွေ့နဲ့ မှန်ကန်စွာ ပေါင်းစပ်ဖို့ ဖြစ်တယ်

ဒါကြောင့် ကျနော်တို့ဟာ တော်လှန်ရေးအောင်ပွဲကို အရှိန်မြန်စွာ ရရှိစေဖို့ ဗမာပြည်လက်နက်ကိုင် တော်လှန်ရေး အနှစ် ၄၀ ကာလမှာ တော်လှန်စစ် ရဲ့ မူများ နဲ့ လမ်းညွှန်များကို အားဆိုက်လေ့လာပြီး လက်နက်ကိုင်တော်လှန်ရေးကို မကျွမ်းကျင်သေး ၊ အခြားတိုက်ပွဲသင်ခန်းစာများနဲ့ လက်တွေ့ကျကျ ပေါင်းစပ်ဆောင်ရွက်ကာ လက်နက်ကိုင် တော်လှန်ရေးနေ့ကို ဆောင်ရွက်ကြပါစို့ ။ ။

## စာစောင်စာတန်းများနှင့်

# ဂုဏ်ပြုကြခြင်း

မလွတ်မြောက်သေးသော ရန်သူ့ဒေသ၊ ပြောက်ကျားဒေသ နှင့် လွတ်မြောက်ပြီး ဒေသတို့တွင် အနှစ် ၄၀ မြောက် ပြည်သူ့ဒီမိုကရေစီလက်နက်ကိုင် တော်လှန်ရေးကို ဂုဏ်ပြုသောအားဖြင့် စာစောင်စာတန်း အမျိုးမျိုးကို ထုတ်ဝေကြမည် ဖြစ်ရာ ပန်ဆန်းလွတ်မြောက် ဒေသတွင် "၃၂၈ သတင်းလွှာ" အပြင် 'ပြည်သူ့အာဘော ဂျာနယ်' အမှတ် ၂ နှင့် ကဗျာစာအုပ်တအုပ် တို့ကိုလည်း ထုတ်ဝေသွားမည်ဟု သိရသည်။

ပြည်သူ့အာဘော ဂျာနယ်' အမှတ် ၂ တွင် ပါတီဗဟိုကော်မတီ၏ကြေငြာချက် နှင့် စာတည်းအဖွဲ့၏ အမှာ တို့အပြင် ဗဟို ပါတီကျောင်း မှ ပို့ချသော ပို့ချချက် ၂ ခု နှင့် ဆောင်းပါး ၇ ပုဒ်ခန့် ထည့်သွင်းဖော်ပြ ရန် အကြမ်းဖျင်း ညှိထားသည် ဟု သိရသည်။

အနှစ် ၄၀ ကြာ လက်နက်ကိုင်တော်လှန်ရေးကြီး အတွင်း ကျဆုံးသွားကြသော ရဲဘော်များ၏ လုပ်ရပ်တလေ ရှုဆောင်းရသည့် ကဗျာများကို ကဏ္ဍ တရပ် ဖွင့်ပြီး ဖော်ပြမည့် 'ကဗျာစာအုပ်' တွင် ကဗျာအပုဒ်ပေါင်း ၄၀ ပါဝင်မည်။ ဘာသာပြန် ကဗျာများ ကို သီးသန့်ကဏ္ဍ တရပ်ဖြင့် ဖော်ပြပေးမည် ဟု သိရသည်။ ။ ☆

က ပြောက်ကျားတိုက်ခိုက်ရာ ကြေးစား <၁> ယောက်သေ၊ <၂> ယောက် ဒဏ်ရာ ရသွားပါသည်။

## ဂုပခ / ခလရ ၉၉ နှင့်ပွဲ

၁၉၈၈ မတ်လ ၇။ "လင်းဆေး" အနီး ဝမ်နောင်ရွာ အနီးတွင် ရန်သူ ခ-လ-ရ ၉၉ အား ပြည်သူ့တပ်မတော် မှ ပြောက်ကျား တိုက်ခိုက်ရာ ရန်သူ <၁> ယောက်သေ၊ <၄> ယောက် ဒဏ် ရာ ရသွားပြီး၊ ရန်သူ့ထံမှ ဂျီသုံး တလက်၊ ကျည် ၁၀၀ - ကျော် သိမ်း ပိုက်ရရှိခဲ့သည်။ ။ ☆

## စစ်ရေးပြပွဲ ပါမည်

၃၂၈ - အခမ်းအနားနေ့ တွင် စစ်ရေးပြပွဲ အစီအစဉ်များ ပါမည် ဖြစ်ရာ တပ်မဟာ ကိုယ်စားပြု တပ် ဖွဲ့ဝိုက် ချီတက်အလေးပြုခြင်း၊ သေ နတ်ပစ်ပြိုင်ခြင်း၊ အခက် အခဲ ကျော် ဖြတ်ကြခြင်း နှင့် မြေပုံညွှန်း အရ သတ်မှတ်နေရာ ရှာကြခြင်း စ သည့် စစ်ရေးစွမ်းရည်ပြိုင်ပွဲ များ အတွက် တပ်မဟာ အဖွဲ့ဝိုက် ကြို တင် ပြင်ဆင် လေ့ကျင့် နေကြပြီ ဖြစ် သည်။

ယှဉ်ပြိုင်ပွဲများ ကျင်းပမည့် ဆေး ရုံ ဘောလုံးကွင်း နှင့် စစ်ဒေသ စက် ပစ်ကွင်း တွင် မြေညှိ၊ မြက်ခုတ်၊ အ ကွာအဝေး တိုင်းတာ စသည့် လုပ်ငန်းများ ကို တာဝန်ကျသော ရဲဘော်များ က စဝင်လုပ်ဆောင်နေကြကြောင်း။ ☆

# အားကစားဆပ်ကော်မတီ တက်တက်ကြွကြွ ပြင်ဆင်နေ



၃၂၈ အနှစ် ၄၀ မြောက် အထိမ်း အမှတ်ပွဲတွင် အားကစားပြိုင်ပွဲ မျိုး စုံ ကိုလည်း ပြိုင်ပြိုင်ဆိုင်ဆိုင် ပါဝင် ယှဉ်ပြိုင်နိုင်ကြရန် စီမံခဲ့ထားပေသည်။ အဆို ပါအားကစားပွဲများကို ဦးစီးကျင်း ပရန် ဆပ်ကော်မတီ တခု ဖွဲ့စည်းတာ ဝန် ပေးထားပြီး ယင်း ကော်မတီ မှ ကျင်းပမည့် အားကစားပွဲအမျိုး အ မည် စာရင်း တရပ် ထုတ်ပြန်ထားသည် ကို တွေ့ရသည်။

## ပြိုင်ပွဲ မျိုးစုံ

ယှဉ်ပြိုင်ရမည့် အားကစား ပွဲများတွင် အသင်းလိုက်ပြိုင်ပွဲ များ အဖြစ် ဘော်လီ ဘော၊ ဘတ်စကက်ဘော၊ ဘောလုံး လွန်ဆွဲ၊ ထုပ်စည်းတိုး စသို့ ပါဝင် ပြီး ယင်းတို့ အနက် ဘတ်စကက်ဘောနှင့် ဘောလုံး မှ လွဲလျှင် ကျန်ပြိုင်ပွဲများမှာ ကျား ၊မ နှစ်မျိုး စလုံး ပါဝင်နိုင်သည် ဟု သိရသည်။

ပြေး ခုန် ပစ် ပြိုင်ပွဲများ အနေဖြင့် တာတိုပြေးပွဲ ၊ တာလတ်ပြေးပွဲ ၊ တာ ဝေး ပြေးပွဲ ၊ လက်ဆင့်ကမ်း ပြေးပွဲ၊ အ လျားခုန် ၊ အမြင့်ခုန် ၊ လက်ပစ်ဗုံး ပစ်၊ ဟူ၍ ကျား ၊မ နှစ်မျိုး စလုံးပြိုင်နိုင် သော ပြိုင်ပွဲ များ စီစဉ်ထားပြီး အထူး အသီးအသင့်များ အဖြစ် တူမီး သေနတ် ပစ်ပြိုင်ပွဲ ၊ ဒူးလေးပစ်ပြိုင်ပွဲ ၊ သေနတ် အမြှောက်အတတ် ပြိုင်ပွဲတို့လည်းပါရှိမည် ဟု သိရသည်။

ကလေးသူငယ်များအတွက် ပြိုင် ပွဲကိုလည်း ယောက်ကျားလေး ၊ မိန်းမ လေး နှစ်မျိုး ခွဲထားသည်။ အပြေးပြိုင် ပွဲ ၄ မျိုး ပါဝင်လိမ့်မည် ဖြစ်သည်။

## စာရင်း ပေးရန် နှင့် စမည့်ရက်

အသင်းလိုက် ပြိုင်ပွဲ များ အတွက် ပြိုင် ပွဲဝင်စာရင်းများကို မတ်လ ၁၅ ရက် နေ့ နောက်ဆုံး ထား ပေးသွင်း ရမည် ဖြစ်ပြီး ကျန်အားကစားပွဲများ အ တွက်လည်း မတ်လ ၂၀ ရက်နေ့ ခန့် တွင် စတင်ပြီး ကျန်ပြိုင်ပွဲများ အ တွက် နောက်ဆုံး ဗိုလ်လုပွဲကို ၂၇ ရက် နေ့ နောက်ဆုံးထားပြီး ကျင်းပရန် စီစဉ်ထားသည် ဟု သိရသည်။

## ကောက်စိုက်ပြိုင်ပွဲ

၁၉၈၈ ဖေဖော်ဝါရီ ၁၀ ။ ။ ၃၂၈ အကြို ကောက်စိုက်ပြိုင်ပွဲကို ပန်ဆံန်း တပိုက်ရှိ နားလော့၊ကောင်းမှူး ၊မန် နား ၊ကောင်းဟုန် ရွာ ၄ ရွာမှ လက် ရွေးစဉ် ‹ ၂၄ › ယောက် ယှဉ်ပြိုင် ကြရာ ပထမ - မအိကုန်း‹ကောင်း မှူး ရွာ › ဒုတိယ - မအိကျမ်‹ကောင်း မှူး ရွာ› တတိယ - မအိကေ‹ကောင်း မှူး ရွာ› တို့ အောင်ပန်းဆင်သွား ကြ သည်။

ပေါက်အောင် နိုင်ငံရေးအရ လှုံ့ဆော်စည်းရုံးခြင်း၊ လူထုလူတန်းစား အဖွဲ့အစည်းများကို စနစ်တကျ ထူထောင်ခြင်း၊ ပြည်သူလူထု၏ ဘဝအခြေအနေကို နားလည်အောင် လုပ်ကာ လူထုအကျိုးပြု လုပ်ငန်းများ လုပ်ခြင်း စသည်တို့ကို ယူနစ်တိုင်းမှ အစီအစဉ် ရှိစွာ လုပ်ဆောင်ကြရပါမည်။

〈၄〉 ခရိုင်မြို့နယ် အဆင့်အသီးသီး ဒေသများမှလည်း မိမိတို့ ခရိုင်ချုံး အုပ်ချုပ်ရာ ဒေသရှိ လူထုများကို စည်းရုံးပြီး နီးရာတပ်များသို့ မေးမြန်းရေး လုပ်ငန်းများ လုပ်ခြင်း နှင့် အားအနည်း အိမ်ထောင်များ၊ ဒုက္ခိတ ရဲဘော်များကို မေးမြန်းရေးများ လုပ်ခြင်း ပြုကြရမည်။ ဤသို့ လုပ်ရာတွင်လည်း နိုင်ငံရေးကို အဓိကထားရမည်။

〈၅〉 တော်လှန်ရေး အောင်ပွဲ ဆင်ရေးအတွက် စည်းလုံးမှု ရှိ ရှိ သမျှသော အင်အားစုများ နှင့် တပ်ပေါင်းစု ဖွဲ့ရေး သည်လည်း အရေးကြီး လှသည်။ ထို့နှင့် လက်ဝဲ လက်ျာ တိမ်းစောင်း တဖက်မှုများကို ရှောင်ရှားပြီး ကျယ်ပြန့်သည့် တပ်ပေါင်းစု တည်ဆောက်နိုင်ရေးကို ယူနစ်တိုင်းက အစီအစဉ် ရှိစွာ ဆောင်ရွက်ကြရပါမည်။

အထက်ပါ အချက်များကို ဆက်စွာ အကောင်အထည် ဖော်အောင် ဆောင်ရွက်ခြင်း သည်သာလျှင် တော်လှန်ရေး ရှေ့ကို ထိရောက်စွာ တွန်းပို့ရာ ရောက်မည် ဖြစ်သည့် အတိုင်း၊ ကျော်နေ့ ကျော်ရက်တွင် ထိုသို့ လျင်မြန်နိုင်ရေးကို သန္နိဋ္ဌာန်ချကာ မမောမပန်း၊ ကြိုးကြိုးစားစား ခဲ အဆင်းရဲ အပင်ပန်း ခံကာ ဆောင်ရွက်ကြပါစို့။ ။

## ဝါဒဖြန့် ဆပ်ကော်မတီ

ဗဟိုကော်မတီတဦး တာဝန်ခံပြီး ဗဟိုနှင့် ခရိုင်ဒေသ ယူနစ်အသီးသီးမှ ရဲဘော် ၁၂ ဦး ပါဝင်သည့် ဝါဒဖြန့် ဆပ်ကော်မတီကို 〈၃၀-၁-၈၈〉 နေ့က ဖွဲ့စည်းခဲ့သည်။

ဝါဒဖြန့် ဆပ်ကော်မတီ အနေနှင့် အနှစ် ၄၀ မြောက် လက်နက်ကိုင် တော်လှန်ရေးနေ့ အခမ်းအနားကို ၂၇-၂၈-၂၉ ရက်နေ့များ အတွင်း စည်းကား သိုက်မြိုက်စွာ ကျင်းပနိုင်ရေး နှင့် ပျော်ရွှင်ဖွယ်အတွက် ပဒေသာကပွဲများ၊ အငြိမ့်များ၊ ပြဇာတ်၊ တော်လှန်ရေး သီချင်း အသစ်များ၊ အခမ်းအနား မုခ်ဦး၊ သဘာပတိ စင်မြင့်၊ လူထု အစည်းအဝေးအတွက် မဏ္ဍပ် ထိုးရေး စသည့် တာဝန်များကို စည်းရုံးပြင်ဆင် အကောင်အထည်ဖော်သွားရန် ဖြစ်ပါသည်။

ယင်းရက်များအတွင်း ညစဉ် ရုပ်ရှင်ကားသစ်များ ပြရေး၊ ဗွီဒီယို မှတ်တမ်းတင် ရုပ်ရှင် ရိုက်ကူးရေး တို့လည်း ပြင်ဆင်လျက် ရှိပါသည်။ ။

၃၂၈ ပြင်ဆင်ရေးကော်မတီ မှ ထုတ်ဝေသည်။

# သတင်းစဉ်

၁၃၄၉ တပေါင်းလဆုတ် ၁၄ <16-3-88>

## အာလယ်ပိုင်းရှာခဲ့ မှ တိုက်ပွဲသတင်း များ

### တပ်မ ၇၇ ရှမ်း ၁ အထိ မှာ

၁၉၈၈ ခု ဇန်နဝါရီ ၂၈ ။ ။ ကျောက်ဂူနယ် ၊ ခဲပင်ကျွန်းရွာ အနီးတွင် ပြည်သူ့ တပ်မတော်က ရန်သူကြေးစား ရှမ်းသေနတ်ကိုင် တပ်ရင်း ၁ ကို တိုက်ခိုက်ရာ ရန်သူ (၇) ယောက်သေ၊ (၃) ယောက် ဒဏ်ရာ ရသွားပါသည်။

၈၈ ဖေဖော်ဝါရီ ၉ ။ ။ ဝမ်းမင်းရွာ၊ လွယ်လုံရွာ အနီးမှ ငွေကြေးစား ရှမ်း ၁ ကိုပင် တိုက်ခိုက်ရာ ရန်သူ (၃) ယောက် ထပ်မံ ဒဏ်ရာ ရရှိသွားကြောင်း။

၈၈ မတ် ၁ ။ ။ ပြည်သူ့တပ်မတော် နှင့် ရှမ်းပြည်တိုးတက်ရေးပါတီပူးပေါင်း တပ်ဖွဲ့တဖွဲ့က ၎င်း ရှမ်း ၁ ကို မိုင်းဆွန် လွယ်တောင်ရွာအနီးတွင် တိုက်ခိုက်ပြန်ရာ ကြေးစား (၃) ယောက် သေကြေ ဒဏ်ရာ ရရှိသွားပြန်ကြောင်း။

### တပ်မ ၅၅/ခမရ ၁၉ နှင့် ပွဲ

၁၉၈၈ ဖေဖော်ဝါရီ ၁၄ ။ ။ တောင်ကြီးမြို့ အရှေ့ဘက်၊ ကျောက်တန်းရွာ တောင်ဘက် နောင်ကွန်းရွာ အနီးတွင် ရန်သူ ခမရ ၁၉ ကို ပြည်သူ့တပ်မတော် တပ်ဖွဲ့တဖွဲ့

စာမျက်နှာ ၅ ကော်လံ ၂ သို့

## ကျောင်းသား များ ဆန္ဒပြကြပြန်ခြင်း

မတ်လ ၁၂ ရက်နေ့ ညက ရန်ကုန် စက်မှုတက္ကသိုလ် မှ ကျောင်းသားများ နှင့် အရပ်သားတချို့ ရိုက်ရန် ဖြစ်ပွားရာမှ မဆလ ပါတီ ၊ ကောင်စီများ ဝင်ပတ်သက်လာသဖြင့် ကျောင်းသားများ ပိုမို မကျေမနပ် ဖြစ်ကာ ဆန္ဒပြ လှုပ်ရှားခဲ့ကြကြောင်း သိရသည်။

ကျောင်းသားများက ကြို့ကုန်း အနောက် ရပ်ကွက် ပြည်သူ့ကောင်စီ ရုံး သို့ သွားရောက် ဝိုင်းဝန်းခဲ့ကြသည်။ မပြေလည်သောအခါ ၎င်း ရပ်ကွက် စားသုံးသူ သမဝါယမ အသင်းဆိုင်ကို မီးရှို့ပစ်လိုက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၂ သို့